စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၂/ ၂၀၂၄)　　　　၂၀၂၄ ခုနှစ်၊ မေလ(၂) ရက်

| ၂-၅-၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၅၀.၈ |
| စင်္ကာပူဒေါ်လာ | ၁,၅၄၅.၄ |
| စတာလင်ပေါင် | ၂,၆၂၉.၆ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၅၁.၀ |
| တရုတ်ယွမ် | ၂၉၀.၀၁ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၆၆ |
| အိန္ဒိယရူပီး | ၂၅.၁၆၄ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၂.၆၂ |
| မလေးရှား ရင်းဂစ် | ၄၄၁.၅၀ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၅၀၉ |
| ထိုင်းဘတ် | ၅၆.၈၉၅ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၂၇၄၂ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ၂၀၂၃ ခုနှစ်တွင် ဂျပန်နိုင်ငံအနေဖြင့် လတ်ဆတ်သည့် ဟင်းသီးဟင်းရွက် တန်ချိန် ၆ သိန်းကျော် တင်သွင်းခဲ့

➢ ၂၀၂၃-၂၄ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လအထိ အိန္ဒိယနိုင်ငံမှ ချည်တင်ပို့မှု ၁၃၇ ရာခိုင်နှုန်း မြင့်တက်

➢ အိန္ဒိယအစိုးရသည် ယခုနှစ်ရာသီမကုန်ဆုံးမီ သကြားတင်ပို့ခွင့် ပြန်လည်ခွင့်ပြု သွားဖွယ်ရှိ

➢ အိန္ဒိယနိုင်ငံမှ ကြက်သွန်နီ ၉၉၅၀၀ တန်ကို အိမ်နီးချင်း ၆ နိုင်ငံသို့ တင်ပို့ခွင့်ပြုသွားမည်

➢ ၂၀၂၄ ခုနှစ်တွင် ရုရှားနိုင်ငံသည် ရေထွက်ကုန်တင်ပို့မှု အမေရိကန်ဒေါ်လာ ၅.၆ ဘီလီယံလျာထား

➢ ရုရှားသို့ အိန္ဒိယ၏ အဓိက ပို့ကုန်စာရင်းတွင် ပုစွန်နှင့် လက်ဖက်ခြောက်များပါဝင်

- **အထွေထွေသတင်းများ**

➢ ရုရှားနှင့်တရုတ်တို့သည် ကုန်သွယ်မှုဆက်ဆံရေးတွင် အမေရိကန်ဒေါ်လာကို လုံးဝစွန့်လွှတ်ခဲ့

➢ အိန္ဒိယ၏ ၂၀၂၅ ခုနှစ်တွင် အီသနောရောစပ်အသုံးပြုမှု ရည်မှန်းချက်ပြည့်မီစေရေး ကူညီပေးမည်ဟု အမေရိကန်က ကမ်းလှမ်း

## ၂၀၂၃ ခုနှစ်တွင် ဂျပန်နိုင်ငံအနေဖြင့် လတ်ဆတ်သည့် ဟင်းသီးဟင်းရွက် တန်ချိန် ၆ သိန်းကျော် တင်သွင်းခဲ့

၂၀၂၃ ခုနှစ်တွင် ဂျပန်နိုင်ငံအနေဖြင့် ကြက်သွန်နီ၊ ငရုတ်ကောင်း၊ ဖရုံအစရှိသော လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်တန်ချိန် ၆၂၁,၆၉၆ တန် တင်သွင်းခဲ့ပါသည်။ ဂျပန်နိုင်ငံသို့ လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များ အများဆုံးတင်ပို့ခဲ့သည့် နိုင်ငံများမှာ တရုတ်၊ တောင်ကိုရီးယား၊ မက္ကဆီကိုနှင့် အမေရိကန်တို့ ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်ဈေးကွက်မှာ တန်ချိန် ၁၃.၆ သန်းရှိခဲ့ပြီး၊ ၅ ရာခိုင်နှုန်းမှာ ပြည်ပမှ တင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်တွင် ဂျပန်နိုင်ငံ အနေဖြင့် ဟင်းသီးဟင်းရွက်တန်ချိန် ၁၂.၉ တန် စိုက်ပျိုးထုတ်လုပ်ခဲ့ကြောင်း ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနမှ သိရှိရပါသည်။ ၂၀၂၂ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ အများဆုံးထုတ်လုပ်ခဲ့သော လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များမှာ အာလူး (၁၇.၇%) ၊ ဂေါ်ဖီ (၁၁.၃%)၊ ကြက်သွန်နီ (၉.၄%) နှင့် မုန်လာဥဖြူ(၉.၁%)တို့ ဖြစ်ပါသည်။

ဂျပန်နိုင်ငံ၌ လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များ ထုတ်လုပ်မှုမှာ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် တန်ချိန် ၁၃ သန်းအောက် ကျဆင်းခဲ့ပါသည်။ ထိုသို့ဖြစ်ရခြင်း၏ အဓိက အကြောင်းအရင်းမှာ သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူအရေအတွက်မှာ ၂၀၁၅ ခုနှစ်တွင် ၃၇၀,၀၀၀ ဦး ရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၂၇ ရာခိုင်နှုန်းကျဆင်းကာ ၂၇၀,၀၀၀ သာ ကျန်ရှိခဲ့ခြင်းကြောင့် ဖြစ်ကြောင်းနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူအရေအတွက်မှာ ဆက်လက်ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။

**သုံးသပ်တင်ပြချက်**

၂၀၂၃ ခုနှစ်တွင် ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ၆၅၂.၁ သန်းတန်ဖိုးရှိ လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များ တင်သွင်းခဲ့ပြီး၊ အများဆုံး တင်သွင်းခဲ့သည့် နိုင်ငံများမှာ တရုတ်(၅၀%) ၊ တောင်ကိုရီးယား (၁၂%) ၊ မက္ကဆီကို (၁၁.၄%)နှင့် အမေရိကန် (၈%) တို့ ဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်တွင် ဂျပန်နိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများမှ အများဆုံးတင်သွင်းခဲ့သည့် ဟင်းသီးဟင်းရွက်များမှာ ကြက်သွန်နီ (၂၄၂,၀၁၅ တန်၊ ၃၈.၉%) ၊ မုန်လာဥနီ (၈၉,၁၂၁ တန်၊ ၁၄.၃%) ၊ ကြက်သွန်မြိတ် (၅၉,၅၄၉ တန်၊ ၉.၆%)နှင့် ဖရုံသီး (၅၄,၉၃၉ တန်၊ ၈.၈%)တို့ ဖြစ်ပါ သည်။ ဂျပန်နိုင်ငံတွင် လူဦးရေ ကျဆင်းလျက်ရှိခြင်းကြောင့် လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များ စားသုံးမှုမှာလည်း ၂၀၂၂ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၂၃ ခုနှစ်တွင် ၁၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

သူဇာဖြိုး၊ စီးပွားရေးသံမှူး
တိုကျို

Agribusiness & Trade

# ၂၀၂၃-၂၄ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လအထိ အိန္ဒိယနိုင်ငံမှ ချည်တင်ပို့မှု ၁၃၇ ရာခိုင်နှုန်း မြင့်တက်

၂၀၂၃-၂၄ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လအထိ (၆) လတာ ကာလအတွင်း အိန္ဒိယနိုင်ငံမှ ချည်တင်ပို့မှု ၁၃၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး၊ ယခင်နှစ်ကာလတူကထက် နှစ်ဆကျော်တိုး တက်လာခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၅ ရက်က ဖော်ပြသည်။ အကြောင်းမှာ ပင်လယ်ရပ်ခြားဝယ်သူများအတွက် အခြားနိုင်ငံများမှ ချည်များနှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအရ အနည်းငယ်သက်သာနေသောကြောင့်ဟု သိရသည်။

အဆိုပါကာလအတွင်း ချည်ဘေထုပ် ၁၈ သိန်းကျော်ကို ပြည်ပသို့ တင်ပို့ရောင်းချခဲ့ပြီး၊ ယခင်နှစ် ကာလတူက ၇ ဒသမ ၅၉ သိန်းသာ တင်ပို့နိုင်ခဲ့သည့်အတွက် ၁၃၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း အိန္ဒိယချည်အသင်း (Cotton Association of India – CAI) မှ နောက်ဆုံးရရှိသော အချက်အလက်များအရ သိရသည်။ အိန္ဒိယနိုင်ငံသည် ၂၀၂၂-၂၃ ခုနှစ် ရာသီအတွင်း ချည်ဘေထုပ် စုစုပေါင်း ၁၅ ဒသမ ၅၉ သိန်း တင်ပို့ခဲ့ပြီးဖြစ်သည်။

အဆိုပါ ၆ လတာကာလအတွင်း ဖြစ်ပေါ်ခဲ့သော အိန္ဒိယချည်ဈေးနှုန်းသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ပိုမိုသက်သာနေသည့်အတွက် ယင်းသို့ တင်ပို့မှုမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယချည်အသင်း ဥက္ကဋ္ဌ Atul Ganatra က ပြောကြားခဲ့သည်။ "အဲဒီအချိန်က အပြည်ပြည်ဆိုင်ရာ ဈေးနှုန်းတွေနဲ့ယှဉ်ရင် အိန္ဒိယချည် ၁ ကန်ဒီ (၃၅၆ ကီလိုဂရမ်) လျှင် ရူပီး ၃၀၀၀ မှ ၄၀၀၀ လောက် သက်သာနေပါတယ်။"ဟု ၎င်းကပြောကြားခဲ့သည်။

သို့သော် ယခုအခါ ကမ္ဘာ့ချည်ဈေးနှုန်းများ ပြန်လည်ကျဆင်းလာသည့်အတွက် အိန္ဒိယ ချည်ဈေးနှုန်းသည် အပြည်ပြည်ဆိုင်ရာ ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက အတူတူ သို့မဟုတ် အနည်းငယ်ဈေးနှုန်းမြင့်မားနေသည့် အနေအထားဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

၂၀၂၃-၂၄ ခုနှစ်ရာသီအကုန် စက်တင်ဘာလအတွင်း အိန္ဒိယနိုင်ငံမှ ချည်ဘေထုပ် ၂၂ သိန်းကျော် တင်ပို့နိုင်ရန် အိန္ဒိယချည်အသင်းက ခန့်မှန်းထားသည်။ ၎င်းအနေဖြင့် သင်္ဘောတင် အချက်အလက်များနှင့် ပို့ကုန်ကိစ္စတွင် ပါဝင်သူများထံမှ အချက်အလက်များကို ရယူစုဆောင်း၍ ယခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် နောက်ထပ်ချည်တင်ပို့မှု ခန့်မှန်းချက်ကို ထပ်မံဆောင်ရွက်သွားမည်ဟု သိရသည်။

အိန္ဒိယချည်ကို ဘင်္ဂလားဒေ့ရှ်နှင့် ဗီယက်နမ်နိုင်ငံတို့မှ အဓိကဝယ်ယူတင်သွင်းကြသည်။ ဘင်္ဂလားဒေ့ရှ်မှ ဝယ်သူများ စိတ်ဝင်စားသည့်အချက်မှာ ဈေးသက်သာပြီး မြန်မြန်ဆန်ဆန် သယ်ယူပို့ဆောင်နိုင်သည့်အတွက်ဖြစ်ကြောင်း သိရသည်။ နိုင်ငံစုံကုမ္ပဏီများဖြစ်သော Louis Dreyfus

Agribusiness & Trade

Company၊ Viterra နှင့် Olam စသည့် ကုမ္ပဏီများက ဒေသခံကုန်သည်များ အဓိကဝယ်ယူသော ချည်များကို အိန္ဒိယနိုင်ငံတွင် ရောင်းချပေးလျက်ရှိသည်။

၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွက် ချည်ထုတ်လုပ်မှုခန့်မှန်းချက်မှာ ဘေထုပ် ၃၀၉ ဒသမ ၇၀ သိန်း (ဘေထုပ်တစ်ထုပ်လျှင် ချည် ၁၇၀ ကီလိုဂရမ်ပါဝင်သည်) ဖြစ်ကြောင်း အိန္ဒိယချည်အသင်း က ခန့်မှန်းထားသည်။ အိန္ဒိယနိုင်ငံတွင် ချည်အသုံးပြုမှုတိုးမြင့်လာကာ ယခုနှစ် မတ်လကုန်အထိ ချည် ဘေထုပ်စုစုပေါင်း  ၁၆၅ သိန်းကို ပြည်တွင်း၌ သုံးစွဲသည်ဟု ခန့်မှန်းထားသည်။ ယခင်နှစ် ကာလ တူက ၁၃၅ ဒသမ ၇၀ သိန်းသာ သုံးစွဲခဲ့သည့်အတွက် ချည်ကို ပြည်တွင်း၌ အသုံးပြုမှု တိုးမြင့်လာ ကြောင်း သိရသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ ပြည်တွင်းချည်သုံးစွဲမှု ဘေထုပ် ၃၁၇ သိန်း ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွက် အိန္ဒိယနိုင်ငံတွင် ချည်ထုတ် လုပ်မှု၊ ရောင်းလိုအား၊ ပြည်တွင်းသုံးစွဲမှု၊ လက်ကျန်အခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါ သည်-

**ရောင်းလိုအား**

ချည်ထုတ်လုပ်မှု (ခန့်မှန်း)။ ဘေထုပ် ၃၀၉.၇၀ သိန်း (ဘေထုပ်တစ်ထုပ်လျှင် ချည် ၁၇၀ ကီလိုဂရမ်ပါဝင်သည်)

ချည်တင်သွင်းမှု။ ဘေထုပ် ၅ သိန်း

စာရင်းဖွင့်ပမာဏ(၂၀၂၃ခုနှစ် အောက်တိုဘာလ)။ ဘေထုပ် ၂၈.၉၀ သိန်း

ရောင်းလိုအားစုစုပေါင်း (၂၀၂၄ ခုနှစ်၊ မတ်လအထိ)။ ဘေထုပ် ၂၉၇.၀၃ သိန်း

ရောင်းလိုအား (၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအထိ)။ ဘေထုပ် ၃၅၉ သိန်း

**ဝယ်လိုအား**

ပြည်တွင်းချည်သုံးစွဲမှု (၂၀၂၄ ခုနှစ်၊ မတ်လအထိ)။ ဘေထုပ် ၁၆၅ သိန်း

ပြည်တွင်းချည်သုံးစွဲမှုခန့်မှန်းချက် (၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအထိ)။ ဘေထုပ် ၃၁၇ သိန်း

**ကုန်လက်ကျန်**

စာရင်းပိတ်လက်ကျန် (၂၀၂၄ ခုနှစ်၊ မတ်လ)။ ဘေထုပ် ၁၁၄ သိန်း

အထည်စက်ရုံများ။ ဘေထုပ် ၄၇ သိန်း (၅၁ ရက်စာသုံးစွဲမှု)

အခြား (CCI, Maharashtra Federation, Trade)။ ဘေထုပ် ၆၇.၀၃ သိန်း

Agribusiness & Trade

**လေ့လာသုံးသပ်တင်ပြချက်**

သို့ပါ၍ အိန္ဒိယနိုင်ငံသည် ချည်ကို ပြည်တွင်း၌သုံးစွဲမှုနှင့် ပြည်ပတင်ပို့မှု နှုန်းမြင့်တက် လာသည်ကိုတွေ့ရှိရပါသည်။ သို့သော် ပြည်ပမှဝယ်ယူတင်သွင်းမှု အနည်းငယ်သာရှိသည့် အတွက် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ ချည်တင်ပို့ရောင်းချနိုင်ရန် အခွင့်အလမ်းနည်းပါးသည်ကို တွေ့ရှိရပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည့် အခွင့်အလမ်းများရှိသော်လည်း ဈေးနှုန်း၊ အရည်အသွေးနှင့် သယ်ယူပို့ဆောင်မှုတို့သည် အိန္ဒိယနိုင်ငံမှဝယ်ယူသည်ထက် ပိုမိုဈေးသက်သာပြီး၊ လွယ်ကူမြန်ဆန်ရန် လိုအပ်မည်ဖြစ်ပါကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

**ရည်ညွှန်း။** The Hindu Businessline, India's cotton exports jump 137% in Oct–March 2023–24 season at 18 lakh bales,

**အိန္ဒိယအစိုးရသည် ယခုနှစ်ရာသီမကုန်ဆုံးမီ သကြားတင်ပို့ခွင့်ပြန်လည်ခွင့်ပြုသွားဖွယ်ရှိ**

အိန္ဒိယအစိုးရသည် ကုန်သည်လုပ်ငန်းရှင်များ၏ တောင်းဆိုမှုကြောင့် အောက်တိုဘာလတွင် ကုန်ဆုံးမည့် ၂၀၂၃-၂၄ ခုနှစ် ရာသီအတွင်း ပြည်ပသို့သကြား တင်ပို့ခွင့်ပြန်လည်ခွင့်ပြုသွားဖွယ်ရှိကြောင်း The Hindu သတင်းဌာနက ယခုလ ၁၆ ရက်နေ့တွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံသည် လက်ရှိတွင် သကြားပြည်ပတင်ပို့ခွင့်အား အချိန်ကာလသတ်မှတ်ချက်မရှိပဲ ကန့်သတ်ပိတ်ပင်ထားကြောင်း သိရသည်။ သို့သော် ၂၀၂၃-၂၄ ခုနှစ် ရာသီအတွင်း သကြားတန်ချိန် ၁၀ သိန်းအား တင်ပို့ခွင့်ပြုရန် အိန္ဒိယသကြားစက်အသင်း (Indian Sugar Mills Association-ISMA) မှ အစိုးရထံ တင်ပြတောင်းဆိုထားသည်။ ၎င်းတို့အနေဖြင့် ရာသီကုန်တွင် သင့်လျော်သော စာရင်းပိတ်လက်ကျန်ရရှိရန် မျှော်လင့်ထားကြောင်း သိရသည်။

"သကြားပြန်လည်တင်ပို့ခွင့်ရရှိဖို့ ကုန်သည်လုပ်ငန်းရှင် အသိုင်းအဝိုင်းမှ တောင်းဆိုထားသော်လည်း အစိုးရက ယခုအချိန်ထိတော့ မစဉ်းစားသေးပါဘူး"ဟု စားနပ်ရိက္ခာဝန်ကြီးဌာန အကြီးတန်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်မှုသည် ယခုနှစ် မတ်လအထိ တန်ချိန် ၃၀ သန်းကို ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ ၂၀၂၃-၂၄ ရာသီအတွက် အသားတင် သကြားထုတ်လုပ်မှု ပမာဏသည် တန်ချိန် ၃၂ သန်းရှိမည်ဟု အိန္ဒိယသကြားစက်အသင်းက ပြန်လည်ပြင်ဆင်ခန့်မှန်းထား

သည်။ အိန္ဒိယအစိုးရကမူ သကြားထွက်ရှိမှု တန်ချိန် ၃၁ ဒသမ ၅ မှ ၃၂ သန်းကြားရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် အီသနောထုတ်လုပ်ရန်၊ ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများမှ သကြားဝယ်ယူရရှိနိုင်ရန်နှင့် ပြည်တွင်းသကြားဈေးနှုန်းများ တည်ငြိမ်စေရန်ရည်ရွယ်၍ ပြည်ပသို့ သကြားတင်ပို့ခွင့်ကို ပိတ်ပင်ထားခြင်းဖြစ်ပါသည်။ ယခုအခါ ကုန်သည်လုပ်ငန်းရှင် အသိုင်းအဝိုင်းမှ တောင်းဆိုတင်ပြများမှုကြောင့် ၎င်းအား ပမာဏအကန့်အသတ်ဖြင့် ပြန်လည်တင်ပို့ ခွင့်ပြုသွားဖွယ်ရှိကြောင်း ခန့်မှန်းချက်များထွက်ပေါ်လာသည့် အခြေအနေကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

**ရည်ညွှန်း။** The Hindu, Govt rules out permitting sugar exports this season,

## အိန္ဒိယနိုင်ငံမှ ကြက်သွန်နီ ၉၉,၅၀၀ တန်ကို အိမ်နီးချင်း ၆ နိုင်ငံသို့ တင်ပို့ခွင့်ပြုသွားမည်

အိန္ဒိယနိုင်ငံတွင် ကြက်သွန်နီကို ပြည်ပတင်ပို့ခွင့် ရပ်ဆိုင်းထားသော်လည်း Maharashtra ပြည်နယ်မှ အဓိကထွက်ရှိသော ကြက်သွန်နီ ၉၉,၅၀၀ တန်ကို အိမ်နီးချင်း ၆ နိုင်ငံသို့ တင်ပို့ခွင့်ပြုသွားမည်ဟု အိန္ဒိယစားသုံးသူရေးရာဝန်ကြီးဌာနက ယခုလ ၂၇ ရက်နေ့က ပြောကြားခဲ့ကြောင်း သိရသည်။

ထို့အပြင် အရှေ့အလယ်ပိုင်းဒေသနှင့် ဥရောပနိုင်ငံ ပို့ကုန်ဈေးကွက်များသို့ တင်ပို့ရန် စိုက်ပျိုးထားရှိသော ကြက်သွန်နီဖြူ (White onion) ၂၀၀၀ တန်ကိုလည်း တင်ပို့ခွင့်ပြုသွားမည်ဟု ဆိုသည်။ အိန္ဒိယနိုင်ငံတွင် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့မှစတင်၍ ကြက်သွန်နီ ပြည်ပတင်ပို့ခွင့်အား ပိတ်ပင်ထားခဲ့သည်။

"ကြက်သွန်နီ ၉၉,၁၅၀ တန်ကို ဘင်္ဂလားဒေ့ရှ်၊ ယူအေအီး၊ ဘူတန်၊ ဘာရိန်း၊ မော်ရီရှပ်နှင့် သီရိလင်္ကာစသည့် အိမ်နီးချင်း (၆) နိုင်ငံသို့ တင်ပို့ရောင်းချခွင့်ပြုသွားမည်"ဟု အိန္ဒိယနိုင်ငံ စားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် အများပြည်သူ့ဖြန့်ချိရေးဝန်ကြီးဌာန (Ministry of Consumer Affairs, Food & Public Distribution) က ထုတ်ပြန်သော တရားဝင်ထုတ်ပြန်ကြေညာချက်၌ ဖော်ပြထားကြောင်း သိရသည်။

အဆိုပါ နိုင်ငံများသို့ ကြက်သွန်နီတင်ပို့ရောင်းချမည့် အမျိုးသားသမဝါယမပို့ကုန် လီမိတက် (National Cooperative Exports Limited-NCEL) သည် ပြည်တွင်းမှ ကြက်သွန်နီများကို L1

(အနိမ့်ဆုံး) ဈေးနှုန်းဖြင့် ဝယ်ယူပြီး အီးပလက်ဖေါင်း (e-platform) မှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ တင်ပို့ရောင်းချသွားမည်ဟု သိရသည်။

NCEL အနေဖြင့် သက်ဆိုင်ရာအစိုးရများထံမှ ဝယ်ယူခွင့်ရရှိထားသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများထံသို့ နှစ်ဖက်ညှိနှိုင်းဈေးနှုန်းဖြင့် ၁၀၀ ရာခိုင်နှုန်း ကြိုတင်ပေးချေစေကာ ရောင်းချပေးသွားမည်ဟု သိရသည်။ အဆိုပါ ဈေးနှုန်းအား သတ်မှတ်ရာတွင် သက်ဆိုင်ရာနိုင်ငံ အသီးသီး၌ ဖြစ်ပေါ်လျက်ရှိသည့် ကြက်သွန်နီ၏ လက်ရှိပြည်တွင်းဈေးနှုန်း၊ အပြည်ပြည်ဆိုင်ရာ ဈေးနှုန်းများကို ထည့်သွင်း ချိန်ညှိစဉ်းစားသွားမည်ဟု ဆိုသည်။ နိုင်ငံအလိုက်တင်ပို့ရောင်းချမည့် အရေအတွက် ခွဲတမ်းမှာမူ အဆိုပါနိုင်ငံများ၏ လိုအပ်ချက်အပေါ် မူတည်ကြောင်း သိရသည်။

ထို့ပြင် အရှေ့အလယ်ပိုင်းဒေသနှင့် ဥရောပနိုင်ငံ ပို့ကုန်ဈေးကွက်များသို့ အထူးသဖြင့် တင်ပို့ရန် စိုက်ပျိုးထားရှိသော ကြက်သွန်နီဖြူ (White onion) ၂၀၀၀ တန်ကိုလည်း တင်ပို့ခွင့်ပြုသွားမည်ဟု ဆိုသည်။

အစိုးရအနေဖြင့် ယခုနှစ်အတွက် ဗဟိုသိုလှောင်ရုံ၌ ဖြည့်သွင်းရန် ကြက်သွန်နီ တန်ချိန် ၅ သိန်း ဝယ်ယူရန် လျာထားကြောင်း သိရသည်။ ကြက်သွန်နီများ ပုပ်သိုးပျက်စီးဆုံးရှုံးမှု လျှော့ချနိုင်ရန် မွန်ဘိုင်းမြို့ အခြေစိုက် BARC ကုမ္ပဏီမှ နည်းပညာပံ့ပိုးမှုဖြင့် ယမန်နှစ်မှစတင်၍ ကြက်သွန်နီ ၁၂၀၀ တန်အား ဓါတ်ရောင်ခြည် (Irradiation process) ဖြင့် ပိုးသတ်ကာ အအေးခန်းသိုလှောင်ရုံများ၌ စတင်စမ်းသပ်ထားရှိခဲ့သည်။ ယခုနှစ်တွင် အဆိုပါ အအေးခန်းသိုလှောင်ရုံများ၌ ပိုးသတ်ပြီး ကြက်သွန်နီ ၅၀၀၀ တန်အထိ တိုးမြှင့်ထားရှိသွားရန် အစိုးရမှ ဆုံးဖြတ်ထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာနမှ ယခုနှစ်၊ မတ်လတွင် ထုတ်ပြန်သော ၂၀၂၃-၂၄ (ပထမအကြိမ်ကြိုတင်ခန့်မှန်းချက်) ပါ အချက်အလက်များအရ ကြက်သွန်နီ တန်ချိန် ၂၅၄ ဒသမ ၇၃ တန်ထွက်ရှိရန် ခန့်မှန်းထားပြီး၊ ယမန်နှစ်က တန်ချိန် ၃၀၂ ဒသမ ၀၈ သိန်း ထွက်ရှိခဲ့သည့်အတွက် လျော့နည်းခဲ့ကြောင်း သိရသည်။ အဘယ့်ကြောင့်ဆိုသော် Maharashtra ပြည်နယ်မှ ကြက်သွန်နီထွက်ရှိမှု တန်ချိန် ၃၄ ဒသမ ၃၁ သိန်းလျှော့ကာ၊ Karnataka ပြည်နယ်မှ ၉ ဒသမ ၉၅ သိန်း၊ Andhra Pradesh ပြည်နယ်မှ ၃ ဒသမ ၅၄ သိန်းနှင့် Rajasthan ပြည်နယ်မှ ၃ ဒသမ ၁၂ သိန်း အသီးသီး အထွက်နှုန်းကျဆင်းခဲ့သည့်အတွက်ကြောင့်ဟု သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံသည် ပြည်တွင်း၌ ဖူလုံမှုရှိရန်နှင့် ဈေးနှုန်းတည်ငြိမ်မှုရှိရန် ရည်ရွယ်၍ ပြည်ပသို့ ကြက်သွန်နီတင်ပို့မှုကို ပိတ်ပင်ကန့်သတ်ခဲ့ပြီး၊ ပြည်တွင်း၌လည်း အရန်သိုလှောင်ရုံများ၌ ဝယ်ယူ၍ ထားရှိကာ ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရပါသည်။ ယခုအခါ ခြွင်းချက်အနေဖြင့်

Agribusiness & Trade

အိမ်နီးချင်းနိုင်ငံများ၏ လိုအပ်ချက်အရ ကြက်သွန်နီတန်ချိန် ၁ သိန်းနီးပါးကို နိုင်ငံ (၆) ခုသို့ တင်ပို့ရောင်းချရန် ဆုံးဖြတ်ခဲ့ပါသည်။

ထို့အပြင်ပြည်တွင်း၌လည်း တန်ချိန် ၅ သိန်းအထိ ဝယ်ယူသွားရန် လျာထားပြီး၊ ဓါတ်ရောင်ခြည် (Irradiation process) ဖြင့် ပိုးသတ်ကာ အအေးခန်းသိုလှောင်ရုံများ၌ ပိုမို၍ ထားရှိလာခြင်းကဲ့သို့ ကာလရှည်သိုလှောင်ထားရှိနိုင်မည့် နည်းလမ်းများကိုလည်း ရှာဖွေစမ်းသပ် အသုံးပြုလျက်ရှိသည်ကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

**ရည်ညွှန်း။** The Hindu, Centre allows 99.5k tons of onion exports to 6 neighbouring nations,

.................................................................................................................

## ၂၀၂၄ ခုနှစ်တွင် ရုရှားနိုင်ငံသည် ရေထွက်ကုန်တင်ပို့မှု အမေရိကန်ဒေါ်လာ ၅.၆ ဘီလီယံလျာထား

ရုရှားနိုင်ငံသည် ယခုနှစ်တွင် ငါးနှင့် ရေထွက်ကုန်များကို အမေရိကန်ဒေါ်လာ ၅.၆ ဘီလီယံ တင်ပို့နိုင်ရန် လျာထားကြောင်း၊ အဓိကတင်ပို့မည့်ဈေးကွက်မှာ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံများအပြင် နယ်သာလန်နှင့် နိုင်ဂျီးရီးယားနိုင်ငံများဖြစ်ကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာန၊ ဖက်ဒရယ်ငါးလုပ်ငန်းအေဂျင်စီ (Federal Agency for Fishery)၏ အကြီးအကဲ Mr. Ilya Shestakov က အရှေ့ဖျားဒေသ၊ ဗလာဒီဗော့စတော့မြို့တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံမှ ငါးနှင့်ရေထွက်ကုန်များ တင်ပို့မှုပမာဏသည် တန်ချိန် ၂.၆ သန်းထိရှိခဲ့ပြီး ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၆.၈ ရာခိုင်နှုန်း၊ သို့မဟုတ် တန်ချိန် ၀.၄ သန်း ပိုများခဲ့ကြောင်း ငါးဖမ်းရေယာဉ်ပိုင်ရှင်များအသင်း(ASRF)၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ ထို့အပြင် တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်သည့် ငါးအသားလွှာနှင့် ကြိတ်သားများ၏ တင်ပို့မှုသည် တန်ချိန် ၂၁၉,၃၀၀ ရှိပြီး ၀.၄ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ငါးနှင့်ရေထွက်ကုန်များ တင်ပို့မှုသည် အလယ်အလတ် အရှိန်အဟုန်ဖြင့် ကြီးထွားလာမည်ကို သတိပြုသင့်ကြောင်း၊ ယခုနှစ်အစပိုင်းမှစတင်၍ အရှေ့ဖျားဒေသမှ ရေထွက်ကုန်တင်ပို့မှုပမာဏသည် ၄ ရာခိုင်နှုန်းတိုးလာပြီး တန်ချိန် ၄၂၂,၃၀၀ သို့ ရောက်ရှိခဲ့ကြောင်း အရှေ့

ဖျားဒေသ Primorsky ခရိုင်၏ တိရစ္ဆာန်နှင့် အပင်ပိုးမွှားရောဂါ ကင်းရှင်းရေးကြီးကြပ်ကွပ်ကဲမှုဌာန (Rosselkhoznadzor)က ပြောကြားခဲ့ပါသည်။

၂၀၂၃ ခုနှစ်တွင် ရုရှား အရှေ့ဖျားဒေသမှ အာရှ-ပစိဖိတ်နိုင်ငံများသို့ ငါးထွက်ကုန်များ တင်ပို့မှုပမာဏသည် တန်ချိန် ၁.၈ သန်းရှိပြီး ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်းပိုများကြောင်း၊ အရှေ့ဖျားဒေသမှ ငါးနှင့်ရေထွက်ကုန်များကို အဓိကတင်ပို့ခဲ့သည့် နိုင်ငံများမှာ တရုတ်နှင့် ကိုရီးယားဖြစ်ကြောင်း သိရှိရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့
Source : https://ria.ru/20240425/ryba-1942177223.html
https://prim.rbc.ru/prim/freenews/6628ad2c9a7947dfd04c7dad

## ရုရှားသို့ အိန္ဒိယ၏ အဓိက ပို့ကုန်စာရင်းတွင် ပုစွန်နှင့် လက်ဖက်ခြောက်များပါဝင်

အိန္ဒိယသည် ဖေဖော်ဝါရီလတွင် ရုရှားနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃၆ သန်းတန်ဖိုးရှိ စမတ်ဖုန်းများ စံချိန်တင် တင်ပို့ခဲ့ပြီး ၎င်းသည် ရုရှားသို့ အဓိကတင်ပို့သည့် ထုတ်ကုန်ဖြစ်လာခဲ့ကြောင်း အိန္ဒိယကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ဖေဖော်ဝါရီလတွင် ရုရှားသို့ ဒုတိယအများဆုံးတင်ပို့သည့် ပို့ကုန်မှာ ဆေးဝါးများ (ဒေါ်လာ ၂၇ သန်း)ဖြစ်ပြီး ၎င်းနောက်တွင် ကျောက်ပြား(ဒေါ်လာ ၁၃ သန်း) ရှိသည်။ ထိပ်တန်း ပို့ကုန်ငါးမျိုးတွင် ပုစွန်(ဒေါ်လာ ၁၀ သန်း)နှင့် လက်ဖက်ခြောက်(ဒေါ်လာ ၉ သန်း) တို့ ပါဝင်သည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနှင့် အိန္ဒိယကြား ကုန်သွယ်မှုပမာဏသည် ၁.၈ ဆ တိုးလာပြီး အမေရိကန်ဒေါ်လာ ၆၅ ဘီလီယံနီးပါး ရှိကြောင်း၊ ရုရှားသည် အိန္ဒိယ၏ အကြီးဆုံးကုန်သွယ်ဖက်များအနက် စတုတ္ထနေရာတွင် ရှိကြောင်း အိန္ဒိယစာရင်းအင်းဝန်ဆောင်မှုဌာန၏ အချက်အလက်များအရ သိရှိရပါသည်။

၂၀၂၃ ခုနှစ်တွင် ရုရှားသို့ အိန္ဒိယ၏ အဓိကပို့ကုန်များမှာ ဆေးဝါး၊ သံမဏိထုတ်ကုန်၊ နီလာ၊ ပုစွန်နှင့် ကြွေထည်ပစ္စည်းတို့ဖြစ်ပြီး ရုရှားမှ အိန္ဒိယသို့ အဓိကသွင်းကုန်များမှာ ရေနံနှင့် ရေနံထွက်ပစ္စည်း၊ ကျောက်မီးသွေး၊ ဓာတ်မြေသြဇာနှင့် စိန်များဖြစ်ကြောင်း သိရှိရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့
Source : https://ria.ru/20240425/indiya-1942201447.html

## ရုရှားနှင့်တရုတ်တို့သည် ကုန်သွယ်မှုဆက်ဆံရေးတွင် အမေရိကန်ဒေါ်လာကို လုံးဝစွန့်လွှတ်ခဲ့

ရုရှားနှင့် တရုတ်တို့သည် စီးပွားရေးလုပ်ဆောင်ရာတွင် အမေရိကန်ဒေါ်လာကို လုံးဝနီးပါး ရှောင်ရှားခဲ့ကြပြီး အပြန်အလှန်ငွေပေးချေမှု၏ ၉၀ ရာခိုင်နှုန်းကျော်ကို အမျိုးသားငွေကြေးများဖြင့် ပြုလုပ်ခဲ့ကြကြောင်း၊ ရုရှား-တရုတ် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် တက်ကြွစွာဖွံ့ဖြိုးတိုးတက်နေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး Mr. Sergey Viktorovich Lavrov က ပြောကြားခဲ့သည်။

စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိကြောင်း၊ တရုတ်ဈေးကွက်သို့ ရုရှားစိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့မှုတိုးလာကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလုပ်ငန်းနယ်ပယ်များတွင် ပူးတွဲစီမံကိန်းများအကောင်အထည်ဖော် လျက်ရှိကြောင်း၊ ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ရုရှား-တရုတ်နယ်စပ် နှစ်ဘက်စလုံးအတွက် အပြန်အလှန် အကျိုးကျေးဇူးများခံစားရကြောင်း နိုင်ငံခြားရေးဝန်ကြီးက အလေးပေးပြောကြားသည်။

ပိတ်ဆို့အရေးယူမှုများကြောင့် ရုရှားနှင့်တရုတ်ကြား ကုန်သွယ်မှု ပမာဏသည် ၂၀၂၂ ခုနှစ်မှ စတင်၍ အရှိန်အဟုန်ဖြင့် ကြီးထွားလာလျက်ရှိသည်။ ၂၀၂၃ ခုနှစ်တွင် ရုရှားနှင့် တရုတ် ကုန်သွယ်မှု ပမာဏသည် ဒေါ်လာ ၂၄၀ ဘီလီယံရှိခဲ့ပြီး ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၆ ရာခိုင်နှုန်း ပိုများခဲ့ သည်။

ထို့အပြင် တရုတ်နိုင်ငံသည် ရုရှားရေနံကို အဓိကတင်သွင်းသူ ဖြစ်လာခဲ့သည်။ တရုတ်နိုင်ငံ သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ရုရှားနိုင်ငံမှ ရေနံတန်ချိန် ၂၈.၅၂၈ မီလီယံ တင် သွင်းခဲ့ပြီး ယခင်နှစ်ကာလတူထက် ၁၂.၈၅ ရာခိုင်နှုန်း တိုးလာခဲ့သည်။

ရုရှားသည် အာရှတွင် ကုန်သွယ်မှုလမ်းကြောင်းသစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး အီရန်နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံများသည် ၎င်းတို့၏ ငွေပေးချေမှုတိုက်ရိုက်ဆောင်ရွက်နိုင်ရန် ရုရှား၏ ဘဏ္ဍာရေးစာတိုပေးပို့မှု စနစ်များနှင့် ချိတ်ဆက် ခဲ့ကြသည်။ ရုရှားနှင့် BRICS နိုင်ငံများကြား နိုင်ငံသုံးငွေကြေးများဖြင့် ငွေပေးချေမှုဝေစုသည် ပြီးခဲ့ သော ၂ နှစ်အတွင်း ၃ ဆတိုးလာပြီး ၈၅ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့သည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

Source : https://www.gazeta.ru/business/news/2024/04/22/22844588.shtml

………………………………………………………………………………………………

## အိန္ဒိယ၏ ၂၀၂၅ ခုနှစ်တွင် အီသနော ရောစပ်အသုံးပြုမှု ရည်မှန်းချက် ပြည့်မီစေရေး ကူညီပေးမည်ဟု အမေရိကန်က ကမ်းလှမ်း

အိန္ဒိယသည် အီသနောလောင်စာဆီထုတ်လုပ်မှုအတွက် သကြားအသုံးပြုမှုကို ကန့်သတ်ပြီးနောက် အမေရိကန်လယ်ယာစီးပွားရေးကုန်သွယ်ရေးမစ်ရှင်က အိန္ဒိယ၏ ၂၀၂၅ ခုနှစ်တွင် အီသနောရောစပ်အသုံးပြုမှုရည်မှန်းချက်ပြည့်မီစေရန်နှင့် အိန္ဒိယမွေးမြူရေးလုပ်ငန်းများအတွက် အီသနောနှင့် ပြောင်းကို တင်သွင်းရန် အဆိုပြုခဲ့ကြောင်းသိရသည်။

နယူးဒေလီမြို့ရှိ လယ်ယာစီးပွားရေးကုန်သွယ်ရေးမစ်ရှင်ကို ဦးဆောင်နေသည့် အမေရိကန်စိုက်ပျိုးရေးဌာန၏ Undersecretary ဖြစ်သူ Alexis Taylor က အိန္ဒိယ၏ အီသနောထုတ်လုပ်မှုမြှင့်တင်ရေးဆောင်ရွက်ချက်အား ပံ့ပိုးပေးနိုင်ရန်အတွက် အခွင့်အလမ်းကောင်းရှိသည်ဟု ယုံကြည်ကြောင်း၊ အမေရိကန်သည် အီသနောအကြီးဆုံးထုတ်လုပ်သူနှင့် သုံးစွဲသူဖြစ်ကြောင်း၊ အိန္ဒိယအနေဖြင့် အီသနောနှင့် တိရစ္ဆာန်အစာအတွက် ပြောင်း ကိုတင်သွင်းခြင်းသည် အိန္ဒိယ၏ အီသနောထုတ်လုပ်မှုအတွက် ရင်းနှီးမြှုပ်နှံမှုကိုလှုံ့ဆော်နိုင်မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံစိုက်ပျိုး ရေးဝန်ကြီးဌာန၊ ပြင်ပရေးရာဝန်ကြီးဌာနနှင့် ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်းသိရသည်။ အိန္ဒိယသည် ၂၀% အီသနော ရောစပ်ဓာတ်ဆီ (E20) ကို ၂၀၂၅ ခုနှစ်တွင် စတင် အသုံးပြုရန်ရည်မှန်းထားသော်လည်း ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် ကြံထွက်ရှိမှုနည်းပါးသောကြောင့် အစိုးရက အီသနောထုတ်လုပ် ရာတွင်အသုံးပြုသည့် တင်လဲရည်အပျစ် ( B-heavy molasses) နှင့် ကြံရည်အသုံးပြုမှုတို့ကို ကန့်သတ်ခဲ့သည်။

အိန္ဒိယအစိုးရက ၂၀၂၃-၂၀၂၄ ခုနှစ် (နိုဝင်ဘာမှအောက်တိုဘာလ) အီသနောထုတ်လုပ်မှုအတွက် သကြားတန်ချိန် ၁၇ သိန်းထိသာ အများဆုံးအသုံးပြုရန် ကန့်သတ်ခဲ့သကဲ့သို့ သကြားစက်ရုံများကိုလည်း အီသနော ပြုလုပ်ရန်အတွက် တင်လဲရည်အပျစ် တန်ချိန် ၆.၇ သိန်းကိုသာ မကြာသေးမီက ခွင့်ပြုပေးခဲ့သည်။အိန္ဒိယသည် ဈေးကွက်တွင် သကြားနှင့် အချို လုံလောက်စွာ ထောက်ပံ့မှုရရှိစေရန် အတွက်အီသနောထုတ်လုပ်ရာတွင် ပြောင်းအား သကြားအစားထိုးအသုံး ပြုမှုကိုလည်း မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် တောင်သူများသက်သာချောင်ချိရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော သီးနှံစိုက်ပျိုးထွက်ရှိမှုဒုတိယအကြိုခန့်မှန်းချက်အရ ပြောင်းထွက်ရှိမှုမှာ ယခင်နှစ်က တန်ချိန် ၃၈ သန်း ထွက်ရှိရာမှ ယခုနှစ်တွင် တန်ချိန် ၃၂.၄ သန်းသို့ လျော့နည်းမည်ဟု ခန့်မှန်းထားကြောင်းနှင့် ပြောင်းကို အီသနောထုတ်လုပ်ရာတွင်အသုံးပြုပါက ပြည်တွင်းဈေးကွက်လိုအပ်ချက်အတွက် လုံလောက်မှုရှိမည်မဟုတ်ကြောင်း ကုန်သည်များက ပြောကြားလျက်ရှိသည်။

သို့ဖြစ်ပါ၍ အိန္ဒိယသည် ၂၀၂၅ ခုနှစ်တွင် ၂၀% အီသနောရောစပ်ဓာတ်ဆီ (E20) ကို စတင် အသုံးပြုနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိသော်လည်း အီသနောထုတ်လုပ်ရာတွင် အသုံးပြုသည့် ပြည်တွင်းထွက်ရှိသည့်ကြံနှင့် ကြံအစားထိုးအသုံးပြုသည့် ပြောင်းထွက်ရှိမှု လျော့နည်းကျဆင်းမှု များ ကြုံတွေ့နေရသည့်အချိန်တွင် အမေရိကန်မှ အီသနောနှင့် ပြောင်းများကို အိန္ဒိယသို့ တင်ပို့ ရောင်းချနိုင်ရေးအတွက် အဆိုပြုကမ်းလှမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေအား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

Source: US offers to help India meet ethanol blending target by 2025, The Economic Times,

……………………………………………………………………………………………………..

Agribusiness & Trade